ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၃၃ /၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

## အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်သတ်မှတ်ခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီစေရေးဆိုင်ရာဆောင်ရွက်ချက်များအရ နိုင်ငံတကာအကောက်ခွန်အဖွဲ့များမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော အကောက်ခွန်လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် Express Consignment (အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ) အပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ် (De minimis value threshold) သတ်မှတ်ခြင်းအားပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ သော်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉ (ခ) အရ သော်လည်းကောင်း အပ်နှင်းထားသော လုပ်ပိုင်ခွင့် ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်။

၂။ လေကြောင်းမှတစ်ဆင့်ဝင်ရောက်လာသည့်လျင်မြန်မှုဖြင့် ပေးပို့တင်သွင်းလိုသောကုန်ပစ္စည်းများ(Express Consignment Cargo)အတွက် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုရာတွင် တင်သွင်းမှုတစ်ခုချင်း၏စုစုပေါင်းတန်ဖိုးပမာဏအမေရိကန်ဒေါ်လာ (၅၀) အထိအား ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၃ နှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈ (က) (၁) များအရ ကင်းလွတ်ခွင့်ဖြင့် ထုတ်ယူခွင့်ပြုမည် ဖြစ်သည်။

၃။ အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် ပေးပို့တင်သွင်းလိုသည့် ကုန်ပစ္စည်းများ (Express Consignment Cargo) အတွက် အကောက်ခွန်တွင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်အခစည်းကြပ်တွက်ချက်ပေးဆောင်ခြင်းစသည့်လုပ်ငန်းစဉ်များကိုဆောင်ရွက်ရန် မလိုဘဲသတ်မှတ်ထားရှိသည့် တန်ဖိုးအဆင့်တစ်ခု၌ အကောက်ခွန်ကြေညာလွှာ တင်သွင်း၍ ထုတ်ယူနိုင်သည်။

၄။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် ကြေညာထုတ်ယူလိုသည့် တင်သွင်းသူသို့မဟုတ် ၎င်းမှ လွှဲအပ်ထားသောကိုယ်စားလှယ်တို့သည် မိမိတင်သွင်းမည့် အကောက်ခွန်ကြေညာလွှာပါ အချက်အလက်များ

နှင့်စပ်လျဉ်း၍ မှန်ကန်မှုရှိကြောင်း တာဝန်ခံရမည်ဖြစ်သကဲ့သို့ အောက်ပါ ကန့်သတ်ချက်များ အတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) တင်သွင်းမည့်ပစ္စည်းသည် တန်ဖိုးအမေရိကန်ဒေါ်လာ (၅၀) အောက် မည်မျှပင် လျော့နည်းစေကာမူ တည်ဆဲ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ တားမြစ်၊ ပိတ်ပင်၊ ကန့်သတ်ထားသည့် ပစ္စည်းများမဖြစ်စေရ။

(ခ) အခြားသောဌာနဆိုင်ရာများ၏ ထောက်ခံချက်ရယူရန် လိုအပ်သည့်ပစ္စည်း ဖြစ်ပါက ထောက်ခံချက်ရယူ၍ ပူးတွဲတင်ပြရမည်။

(ဂ) တင်သွင်းပစ္စည်းနှင့်စပ်လျဉ်း၍ အကောက်ခွန်အရာရှိမှ အသေးစိတ်စစ်ဆေးရန် လိုအပ်သည့်အခါတွင် ငွေပေးချေရေးဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် အခြား အချက်အလက်များအားထပ်မံတောင်းခံပါက ပြည့်စုံစွာတင်ပြပေးရမည်။

၅။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့်အခွန်အခများ ကင်းလွတ်ခွင့်ရရှိရန်ရည်ရွယ်ချက်ဖြင့်အကောက်ခွန် ကြေညာလွှာပါ အချက်အလက်များအားမမှန်မကန် ကြေညာကြောင်းစစ်ဆေး တွေ့ရှိပါက ပင်လယ် ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ အရအရေးယူခြင်းခံရမည်။

၆။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ၊ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက် စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

**************************************************

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ (၁၄၁၉ / ၂၀၁၇ )
ရက် စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ မတ် လ ၂၈ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
ဤဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်
မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

28/3/2017

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်

20-3-17